အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်
၁၃၇၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကြေညာချက်
ကြေညာချက်အမှတ်–၃ / ၀၂ / ၀၉

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပေသည်။ မိမိတို့နိုင်ငံ လွတ်လပ်ရေးကြီး ပြန်လည်ရရှိရေးအတွက် တိုင်းရင်းသားလူမျိုးစုများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်ကြရန် သန္နိဋ္ဌာန်ချခဲ့ကြသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ပေသည်။ ဤနေ့သည် ပြည်ထောင်စုစိတ်ဓာတ် (ခေါ်) ပင်လုံစိတ်ဓာတ်ကို သန္ဓေတည်ခဲ့သည့်နေ့ဖြစ်သလို၊ အချုပ်အခြာအာဏာပိုင်လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် သမိုင်း၏မီးရှူးတန်ဆောင်သဖွယ် ထွန်းပြောင်ခဲ့သော နေ့လည်းဖြစ်ပေသည်။

မိမိတို့တိုင်းပြည်၏ လွတ်လပ်ရေးအတွက် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် မော်ကွန်းထိုးခဲ့သော စည်းလုံးညီညွတ်မှုရှိကြသည့်အပြင် ဗိုလ်ချုပ်အောင်ဆန်းကို အမျိုးသားခေါင်းဆောင်ကြီးအဖြစ် အသိအမှတ်ပြု၍ ဦးဆောင်မှုကို ခံယူခဲ့ကြသည်။ ထိုကြောင့် ဗြိတိသျှအစိုးရသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဆွေးနွေးရန်အတွက် ဖိတ်ကြားခဲ့ရသည်။ ဤသည်မှာ "ညီညွတ်ခြင်းသည် အင်အား" ဖြစ်ကြောင်း ထင်ရှားစေပါသည်။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် နေသူရိန်အစည်းအဝေးကြီးက ထုတ်ပြန်ခဲ့သော –

"ဗမာပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း မိမိတို့ကံကြမ္မာကို မိမိတို့ကသာ ဖန်တီးနိုင်ပြီး အားလုံး၏ သဘာနှင့် ညီညွတ်စွာ ထူထောင်သော နိုင်ငံတည်ထောင်ရန်။ ဤသို့ တည်ထောင်ရာ၌ ပါဝင်သော လူမျိုးအသီးသီးအား မိမိတို့ကံကြမ္မာကို မိမိတို့ကသာ ဖန်တီးနိုင်သော အခွင့်အရေးများ ပေးထားရန်"

ဟူသည့်ဆုံးဖြတ်ချက်နှင့် ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ဖဆပလ) က ထုတ်ပြန်ခဲ့သော –

" တောင်တန်းဒေသများအား မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးပေးရန် "

ဟူသည့် ဆုံးဖြတ်ချက်တို့ကို ကိုင်ဆောင်၍ ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီ ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့် လန်ဒန်မြို့၌ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲ၌ မိမိနိုင်ငံ တစ်နိုင်ငံလုံးနှင့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူလူထုအားလုံး လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရန်မှာ အဓိကအချက်ဖြစ်သည်။ ထို့အတူ တိုင်းရင်းသားလူမျိုးစုများလည်း ပြည်မနှင့်အတူ တပြိုင်နက်တည်း လွတ်လပ်ရေးရရှိရန် ကိစ္စသည်လည်း အရေးကြီးသည့် အချက်တစ်ချက်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှဝန်ကြီးချုပ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ငြိမ်းချမ်းစွာ တစ်ဘက်နှင့်တစ်ဘက် အပေးအယူပြုလုပ်၍ တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် သမိုင်းမော်ကွန်းဝင် "အောင်ဆန်း– အက်တလီ စာချုပ်" ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြသည်။

အဆိုပါစာချုပ်တွင် တိုင်းရင်းသားလူမျိုးစုများအရေးနှင့် စပ်လျဉ်း၍

(၁) နယ်ခြားဒေသများတွင် နေထိုင်သောသူများ၏ လွတ်လပ်သောသဘောတူညီချက်နှင့် အချိန်မနှောင်း ပေါင်းစည်းခြင်း အောင်မြင်ရန်မှာ နှစ်ဦးနှစ်ဘက်ဖြစ်သော မြန်မာကိုယ်စားလှယ်များနှင့် ဗြိတိသျှအစိုးရတို့ သဘောတူပြီးသော ရည်ရွယ်ချက်ဖြစ်သည်။

(၂) တိုင်းရင်းသားများ၏ ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန် နောက်လ (ဖေဖော်ဝါရီလ) တွင် ကျင်းပမည်ဖြစ်သော ပင်လုံကွန်ဖရင့်တွင်လည်းကောင်း၊ သို့မဟုတ် ဤကိစ္စအတွက် ကျင်းပသော အထူးကွန်ဖရင့်တွင်လည်းကောင်း၊ နယ်ခြားဒေသရှိ လူများ၏ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မေးမြန်းရမည်။" ဟူ၍ ဖြစ်ပါသည်။

ဤ "အောင်ဆန်း– အက်တ်လီစာချုပ်" ပါ သဘောတူ ဆုံးဖြတ်ချက်များအရ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ညီလာခံကြီး စတင်ကျင်းပခဲ့ပြီး၊ မြန်မာ့လွတ်လပ်ရေး အတွက် သမိုင်းဝင် "ပင်လုံစာချုပ်" ကို ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်ကြီးများက ဂုဏ်ယူ

ဝင့်ကြွားစွာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင်ကြီးမားမှု၊ တိုင်းချစ်ပြည်ချစ်စိတ်ပြင်းပြမှု၊ အမျိုးသားစိတ်ဓာတ်ပြည့်ဝမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ ရိုးသားဖြောင့်မတ် တည်ကြည်မှု၊ ဇွဲ လုံ့လ ဝီရိယ ရှိမှုတို့ကြောင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများကယုံကြည်ကြသဖြင့် ဤ "ပင်လုံစာချုပ်ကို" ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပေသည်။ ယင်းစာချုပ်တွင် တိုင်းရင်းသားလူမျိုးများအရေးနှင့် စပ်လျဉ်း၍ တိုင်းပြည်အတွက် အဓိကအရေးကြီးသည့် သဘောတူညီချက်များမှာ –

"××× နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့် ရှိစေရမည်ဟူသော မူကို သဘောတူညီကြသည်။" (ပင်လုံစာချုပ် အပိုဒ် – ၅) နှင့်

"နယ်စပ်ဒေသများ၏ နယ်သူ/နယ်သားများတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ်၊ အသိအမှတ်ပြုထားသော အခွင့်အရေးတို့ကို ခံစားနိုင်ခွင့် ရှိစေရမည်။" (ပင်လုံစာချုပ် အပိုဒ် – ၇)

တို့ဖြစ်ပေသည်။ ဤစာချုပ်ကြီးသည် မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူကြီးတစ်ရပ် ဖြစ်သည့်အပြင်၊ ဒီမိုကရေစီသဘောတရားများ၊ ပြည်ထောင်စုမူများကိုလည်း ကိုင်ဆွဲထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ယင်းသဘောတရားနှင့် မူများပါဝင်ပြီး တိုင်းပြည်တည်သရွေ့ ထာဝစဉ်လိုအပ်နေသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုနိုင်ခဲ့သည်။ အခြေခံအချက်မှာ တွေ့ဆုံဆွေးနွေးခြင်းရလဒ်ကြောင့်သာ မိမိတို့တိုင်းပြည် လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ပြည်ထောင်စုနှင့် ပတ်သက်၍ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့တွင် ကျင်းပခဲ့သော ဖဆပလ ပဏာမ ပြင်ဆင်မှု ညီလာခံတွင် အောက်ပါအတိုင်း လမ်းညွှန်မိန့်ကြားခဲ့သည်။

" ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘော တည်ထောင်မလား၊ လူမျိုးကြီးတမျိုးတည်းဘဲဆိုတဲ့ တိုင်းပြည်မျိုး **(Unitary State)** တည်ထောင်မလား ဆိုတဲ့ မေးခွန်းကို ဖြေဆိုလိုတယ်။ ကျွန်တော့ အမြင်အရ ဆိုယင်တော့ အထက်လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်းကမ်းသတ်မှတ်ပေးပြီးတော့ **(Unitary State)** လူမျိုးကြီးတမျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့မဖြစ်ဘူး၊ ပြည်ထောင်စုသဘောမျိုးဘဲ ဖြစ်ရမှာဘဲ။" (ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ စာမျက်နှာ – ၃၀၉ , ၃၁၀ မှ)

တစ်ဖန် ဗိုလ်ချုပ်အောင်ဆန်းက ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မြေတည်းနေ တစ်ရေတည်းသောက် စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးတို့သည် စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့၌ ပင်လုံမြို့ စောဘွားများညစာစားပွဲတွင် အောက်ပါအတိုင်း မြွက်ကြားခဲ့ပါသည်။

" တတိုင်းပြည်လုံး ကြီးပွားစေချင်ယင် လူအား၊ ငွေအား၊ ပစ္စည်းအားနှင့် စုပေါင်းပြီး၊ အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာဘဲ။ ဗမာကတမျိုး၊ ကရင် က တဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲ အပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ ×××"

တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကို တန်းတူမှုဖြင့် ဖွဲ့စည်းရာ၌ ထားရှိအပ်သော ယနေ့အမျိုးသားရေးတာဝန်နှင့် ပတ်သက်၍ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ညှိနှိုင်းဆွေးနွေးပွဲတွင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် က –

"××× ကျွန်မတို့ လွတ်လပ်ရေးမရခင်က အမျိုးသားရေးတာဝန်ဟာ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာပိုင်ရေးဖြစ်ပါတယ်။ အဲ့ဒီအမျိုးသားရေးတာဝန်ကိုလည်း အားလုံးစည်းစည်းရုံးရုံး ဆောင်ရွက်နိုင်သဖြင့် အောင်မြင်ခဲ့တယ်။ ဒီနေ့ အမျိုးသားရေးဟာ ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှရေးဖြစ်တယ်။"

"အဲ့ဒီအမျိုးသားရေးကို ဆောင်ရွက်နိုင်ဖို့အတွက် တစ်ခုနှင့်တစ်ခု ခေါင်းနဲ့ ပန်းသဖွယ် ခွဲခြားလို့မရသလို ခွဲခြားမှုမပြုမှ ကျွန်မတို့ မျှော်မှန်းတဲ့ တတိယပြည်ထောင်စုမြန်မာနိုင်ငံတော်ခေါ်ခေါ် ပြည်ထောင်စုမြန်မာနိုင်ငံသစ်ခေါ်ခေါ် တကယ်တန်း သာယာဝပြောတဲ့၊ တကယ်တန်း ငြိမ်းချမ်းသာယာတဲ့၊ တကယ်တန်း စည်းရုံးညီညွတ်တဲ့၊ တကယ်တန်း အစွန့်ရှည်တည်တံ့မယ့် တတိယပြည်ထောင်စုမြန်မာနိုင်ငံဟာ ဖြစ်ပေါ်လာလိမ့်မယ် ×××" ဟု ပြောကြားခဲ့သည်။

အမျိုးသားဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အုတ်မြစ်ချ တည်ဆောက်ပေးခဲ့သော ပင်လုံစိတ်ဓာတ် သို့မဟုတ် ပြည်ထောင်စုစိတ်ဓာတ် မည်မျှ အတိုင်းအတာထိ ရှင်သန်ဖွံ့ဖြိုးခိုင်မာနေပြီဆိုသည်ကို ဆန်းစစ်သုံးသပ်ကြည့်ရန် အမှန်တကယ် လိုအပ်နေပါသည်။ ယနေ့ အချိန်အခါတွင် ပင်လုံစာချုပ်၏ ရည်ရွယ်ချက်များ ဆိတ်သုဉ်းနေသလို၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားနေပြီး ဒီမိုကရေစီအခွင့်အရေးများလည်း ဆုံးရှုံးနေပါသည်။ အမျိုးသားသွေးစည်းညီညွတ်ရေး ဝေးကွာနေကာ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာလည်း ကွယ်ပျောက်လျက်ရှိပါသည်။

နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့်သာ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းမရှိဘဲ၊ မည်သည့်နိုင်ငံရေးပြဿနာများကိုမျှ ပြေလည်အောင် ဖြေရှင်းနိုင်မည်မဟုတ်ပေ။ ထိုနည်းတူ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိဘဲ တည်ငြိမ်အေးချမ်းသော

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မည်သို့မျှ တည်ဆောက်နိုင်မည်မဟုတ်ပေ။ နိုင်ငံတကာတွင်လည်း မည်သည့် ပဋိပက္ခများ၊ ပြဿနာများကိုမဆို တစ်ဘက်သတ် အင်အားသုံး၍ မဖြေရှင်းကြဘဲ၊ တစ်ဘက်နှင့် တစ်ဘက် တွေ့ဆုံဆွေးနွေး၍ ငြိမ်းချမ်းစွာ ဖြေရှင်းနေကြသဖြင့် ပြေလည်ကြသည့် သာဓကများလည်း ရှိပါသည်။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် အမှန်တကယ် ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်အထွေထွေ အကျပ်အတည်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခက်အခဲများကို နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် အဓိကတာဝန်ရှိသည်နှင့်အညီ တိုင်းပြည်နှင့် ပြည်သူ လူထု၏ ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးစီးပွားများကို မျှော်ကိုး၍ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းမှတစ်ဆင့် အမျိုးသားပြန် လည်သင့်မြတ်ရေးကို မလွဲမသွေ ပြန်လည်တည်ဆောက်ကြရန် အထူးလိုအပ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးမှသည် တိုင်းရင်းသားလူမျိုးများအားလုံး သွေးစည်းညီညွတ်သည့် အစွန့်ရှည်တည် တံ့ခိုင်မြဲသော ပြည်ထောင်စုနိုင်ငံတော်ကို တည်ထောင်နိုင်ရန်အတွက် ပကတိအခြေအနေများ၏ တောင်းဆိုချက်များနှင့်အညီ နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖန်တီးပေးရန် အထူးလိုအပ်ပေသည်။ သို့ပါ၍ –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) သည် စတင်အာဏာတည်ခြင်းမရှိ သေးသောကြောင့် ပြန်လည်သုံးသပ်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ထုတ်ပြန်ထားသည့် ကြေညာ ချက်များနှင့်အညီ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ပြည်သူ့ လွှတ်တော်ကို အမြန်ဆုံး ခေါ်ယူဖွဲ့စည်းပေးရန်။

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစိုက်ကြိုးပမ်းအားထုတ်မှုကြောင့် နေအိမ်များ တွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် တို့အား နိုင်ငံတော်၏လိုအပ်ချက်အရ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ် ပေးရန်။

(ဂ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက် နိုင်မည် မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက် မရှိ အမြန်ဆုံး လွှတ်ပေးရန်။

(ဃ) မိမိတို့၏နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

(င) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော မင်းကိုနိုင်၊ ကိုကိုကြီး စသည့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များ အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်။

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ ၀ါးနှစ် ကျော်သည့်တိုင် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်။

(ဆ) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်း ခြင်းခံထားကြရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည် မှတ်ပုံတင် ခွင့် ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်များပေးရန်။

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ လက်တွေ့ ဆောင်ရွက်ပေးရန် ဤသမိုင်းဝင် ပြည်ထောင်စုနေ့ကြီးတွင် အလေးအနက် ခိုင်မာစွာ တောင်းဆိုကြောင်း ကြေညာလိုက်သည်။

၂၂– ၁ – ၀၉ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့